KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဇွန်လ ၂၂ရက် ၂၀၂၂ခုနှစ်/KHRG စာအမှတ် 22-93+94-D1

# ခလယ်လွှီထူးခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို - လယ်ဒိုနှင့်ဆောထီး မြို့နယ်များတွင် SAC မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူအိမ်နှစ်လုံး ထိခိုက်ပျက်စီးပြီး ရွာသားများ ထွက်ပြေးတိမ်းရှောင်နေရ (၂၀၂၂ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၂ခုနှစ်၊ မတ်လအတွင်း ခလယ်လွှီထူး (ညောင်လေးပင်) ခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်နှင့် ဆောထီး (ရွှေကျင်) မြို့နယ်တွင်ဖြစ်ပွားခဲ့သော အကြောင်းအရာများကို ဖော်ပြထားပါသည်။ ၂၀၂၂ခုနှစ်၊ မတ်လ ၁၉ရက်နေ့တွင် SAC လေတပ်မှ KNU ထိန်းချုပ်အုပ်ချုပ်သော ခလယ်လွှီထူးခရိုင်ရှိ နေရာဒေသနှစ်ခုတွင် လေကြောင်းတိုက်ခိုက်မှုများ ထိုးစစ်ဆင်ခဲ့သည်။ ရွာသားတစ်ဦးမှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိသော်လည်း ဗုံးကွဲခြင်းကြောင့် ဒေသခံအိမ်နှစ်လုံးပျက်စီးခဲ့ပြီး ရွာသားများ ၎င်းရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။*[1]

---

၂၀၂၂ခုနှစ်၊ မတ်လ ၁၉ရက်နေ့ မနက် (၂)နာရီတွင် မြန်မာစစ်တပ် (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)[2] SAC စစ်တပ်မှ ဂျက်လေယာဉ်တစ်စီးပျံဝဲလာပြီး ခလယ်လွှီထူး (ညောင်လေးပင်) ခရိုင်၊ ဆောထီး (ရွှေကျင်) မြို့နယ်၊ လို့ခီးကျေးရွာအုပ်စု၊ ဘ---ကျေးရွာအနီးရှိ အ---နေရာတွင် လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။ တစ်ချိန်တည်းတွင်လည်း ၎င်းတို့ (SAC စစ်တပ်)မှ ခလယ်လွှီထူးခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ ကွီလားကျေးရွာအုပ်စု၊ စ---ကျေးရွာတွင်လည်း လေကြောင်းတိုက်ခိုက်မှု စစ်ဆင်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာနှစ်ခု

---

[1] ဤအစီရင်ခံစာသည် ၂၀၂၂ခုနှစ်၊ မတ်လမှဧပြီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ခလယ်လွှီထူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်း ဖြစ်သည်။

[2] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကိုဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ၂ရက်နေ့တွင် တပ်မတော် အစိုးရအရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် SAC ၏ဥက္ကဌအဖြစ် တာဝန်ယူခဲ့သည်။

စလုံးသည် ကရင်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ (၃)၏ထိန်းချုပ်အုပ်ချုပ်သည့်နယ်မြေတွင်တည်ရှိသည်။ ဆောထီးနှင့်လယ်ဒိုမြို့နယ်များရှိ ပြည်သူလူထုများသည် ၎င်းတို့ရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရွာသားများ၏တင်ပြချက်များအရ မတ်လ ၁၉ရက်နေ့ မနက် (၂)နာရီအချိန်တွင် SAC လေတပ်များသည် ခလယ်လွိုထူးခရိုင်၊ ဆောထီးမြို့နယ်၊ လို့ခီးကျေးရွာအုပ်စုတွင် ဗုံးနှစ်လုံးကြဲချခဲ့သည်။ ထိုဗုံးနှစ်လုံးသည် ဒ---ရွာနှင့် ဘ---ရွာကြားရှိ လမ်းပေါ်တွင် ကျရောက်ခဲ့သည်။ ရွာသားများအိပ်ပျော်နေစဉ်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူအိမ်နှစ်လုံးထိခိုက်ပျက်စီးခဲ့သည်။ သို့သော်လည်း မည်သည့်ရွာသားမှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးသွားသည့်အိမ်နှစ်လုံးသည် ဘ---ရွာတွင်နေထိုင်သည့် နော်အ---နှင့် စောဂ---တို့၏ အိမ်ဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် နော်အ---၏မိုးခေါင်မိုးတစ်ပေါက်ပေါက်ပြီး ပျက်စီးခဲ့ပြီး စောဂ---၏အိမ်ခေါင်းမိုးနှစ် ပေါက်ပေါက်ပြီး ပျက်စီးခဲ့သည်။

တစ်ချိန်တည်းတွင်လည်း အခြားသော SAC ဂျက်လေယာဉ်တစ်စီးမှ ခလယ်လွိုထူးခရိုင်၊ လယ်ဒိုမြို့နယ်၊ ကွီးလားကျေးရွာအုပ်စု၊ စ---ကျေးရွာအနီးတွင် ဗုံးနှစ်လုံးကြဲခဲ့သည်။ ကျေးရွာပြင်တွင် ဗုံးများကျပြီး ပေါက်ကွဲခဲ့သောကြောင့် မည်သူမှ ထိခိုက်သေဆုံးခြင်း မရှိခဲ့ပေ။ သို့သော်လည်း ရွာသားတစ်ဦး၏အိမ်ခေါင်မိုးမှာ ဗုံးအစအနထိမှန်ပြီး အနည်းငယ်ပျက်စီးခဲ့သည်။

ရွာသားများ၏ပြောပြချက်များအရ ထိုနေ့တွင် SAC မှ လေကြောင်းတိုက်ခိုက်မှုအတွက် ဂျက်လေယာဉ်နှစ်စီးအသုံးပြုခဲ့သည်။ ပထမတစ်စီးက ဆောထီးမြို့နယ်၊ ဘ---ကျေးရွာအနီးတွင် ဗုံးနှစ်လုံးကြဲခဲ့ပြီး ဒုတိယတစ်စီးသည် လယ်ဒိုမြို့နယ်၊ စ---ကျေးရွာအနီးတွင်လည်း ဗုံးနှစ်လုံးကြဲခဲ့ပြန်သည်။












အထက်ပါပုံများကို ၂၀၂၂ခုနှစ်၊ မတ်လ ၂၀ရက်နေ့၌ ခလယ်လွီထူးခရိုင်၊ ဆောထီးမြို့နယ်၊ လို့ခီးကျေးရွာအုပ်စု၊ ဘ---ရွာတွင် ရိုက်ယူခဲ့သည်။ ပုံများတွင်ပြထားသည့်အတိုင်း ၂၀၂၂ခုနှစ်၊ မတ်လ ၁၉ရက်နေ့တွင် SAC မှ လေကြောင်းတိုက်ခိုက်မှုကို အသုံးပြု၍ ဗုံးကြဲချပြီး ရလဒ်အနေဖြင့် ဗုံးပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦး၏အိမ်ခေါင်မိုးမှာ ဗုံးအစ အနထိမှန်ပြီး အပေါက်ပေါက်သွား၍ ပျက်စီးခဲ့သည်။ *(ဓါတ်ပုံများ - KHRG)*



အထက်ပါပုံများကို ၂၀၂၂ခုနှစ်၊ မတ်လ ၂၀ရက်နေ့၌ ခလယ်လွီထူးခရိုင်၊ ဆောထီးမြို့နယ်၊ လို့ခီးကျေးရွာအုပ်စု၊ စ--- ရွာတွင် ရိုက်ယူခဲ့သည်။ ပုံများတွင်ပြထားသည့်အတိုင်း ၂၀၂၂ခုနှစ်၊ မတ်လ ၁၉ရက်နေ့တွင် *SAC* မှ လေကြောင်း တိုက်ခိုက်မှုကို အသုံးပြု၍ ဗုံးကြဲချပြီး ရလဒ်အနေဖြင့် ဗုံးပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦး၏အိမ်ခေါင်မိုးမှာ ဗုံးအစ အနထိမှန်ပြီး အပေါက်ပေါက်သွား၍ ပျက်စီးခဲ့သည်။ *(ဓါတ်ပုံများ - ရွာသားများ)*

## လေကြောင်းတိုက်ခိုက်မှုကြောင့် နေရပ်ရွှေ့ပြောင်းခံရမှုများ

(မတ်လ ၁၉ရက်နေ့၌ SAC မှ လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ခဲ့ခြင်းကြောင့်) ဆောထီးမြို့နယ်ရှိ စ---၊ ဒ---၊ ဟ---၊ ဖ---နှင့် အခြား ရွာများအနီးတွင် နေထိုင်ကြသော ရွာသားများသည် ၎င်းတို့ရပ်ရွာများမှ ထွက်ခွာ၍ အနီးအနား ရှိသစ်တောများထဲရှိ လုံခြုံသည့်နေရာများတွင် တိမ်းရှောင်ခဲ့ရသည်။ ရွာသားများသည် ၎င်းတို့ရွာတွင် မအိပ်ရဲ ကြတော့ဘဲ တောထဲတွင်သာ အိပ်ခဲ့ရသည်။ အထူးသဖြင့် ကလေးများနှင့် မွေးကင်းစကလေးများ ၏မိခင်များသည် အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တောထဲတွင် ၎င်းတို့အတွက် သင့်တော်သည့် နေရာထိုင်ခင်းများ မရှိကြပေ။

SAC မှ လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ခဲ့ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်ရ သည့်ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမှီအချိန်တွင် လေကြောင်းတိုက်ခိုက်မှုရှိလာမည်ကို ကြိုတင်သိရှိရခြင်းမရှိခဲ့ပေ။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားနေချိန်တွင် ရွာသားများသည် ရွာထဲတွင် အိပ်မောကျနေကြပြီး လေကြောင်း တိုက်ခိုက်မှုကြောင့် ရွာမှ ရှောင်တခင်ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ဧပြီလအစမှ ဧပြီလ ၃၀ရက်နေ့အထိ ဆောထိးမြို့နယ်ရှိ ရွာပေါင်းတစ်ဝက်ခန့်တွင် နေထိုင်ကြ သောရွာသားများသည် (စစ်လှုပ်ရှားမှုများဆက်လက်ဖြစ်ပေါ်နေသည့်အတွက်ကြောင့်)မိမိတို့၏လုံခြုံရေးအတွက် တောများထဲသို့ တိမ်းရှောင်ခဲ့ရသည်။ ရွာသားများသည် SAC မှ KNU ထိန်းချုပ်နယ်မြေတွင် ဝင်ရောက်လာ၍ KNLA အား ဝင်ရောက်တိုက်ခိုက်ပြီး နောက်တစ်ကြိမ် လေကြောင်းတိုက်ခိုက်မှုစစ်ဆင်မည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ၎င်းတို့ရွာများသို့ ညအိပ်ပြန်လာမရဲကြပေ။

SAC မှ စစ်ဆင်သည့်လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများသည် ပို၍ကြောက်ရွံ့လာကြသည်။ ရွာသားများသည် ၎င်းတို့၏နေ့စဉ်အလုပ်များနှင့် လယ်ယာလုပ်ငန်းခွင်တွင် သွားလာလုပ်ကိုင်ရန်ပင် ကြောက်ရွံ့နေကြသည်။




အထက်ပါပုံများကို ၂၀၂၂ခုနှစ်၊ မတ်လ ၂၀ရက်နေ့ ခလယ်လွီးထူခရိုင်၊ ဆောထီးမြို့နယ်၊ လို့ခီးကျေးရွာအုပ်စု၊ ဘ--- ကျေးရွာအပြင်ဘက်ရှိသော ယာယီစစ်ဘေးရှောင်စခန်းတစ်ခုတွင် ရွာသားများထွက်ပြေးနေစဉ်အတွင်း ရိုက်ယူခဲ့သည်။ ပုံများတွင် SAC လေတပ်ဖွဲ့များမှ ၂၀၂၂ခုနှစ်၊ မတ်လ ၁၉ရက်နေ့တွင် လေကြောင်း တိုက်ခိုက်မှု စစ်ဆင်သောကြောင့် ဘ-

--ရွာသားများသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ကို မြင်တွေ့နိုင်ပါသည်။ *(ဓါတ်ပုံများ - KHRG)*

(SAC မှ ၂၀၂၁ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် ဆောထီးမြို့နယ်၊ မယ်ရယ်ခီးကျေးရွာအုပ်စု၊ ထီးဖါဒိုကျေးရွာအနီး မယ်သယ်ခီးနေရာတွင်တည်ရှိသော မိုးအောင်ရွှေတူးဖော်ရေးနေရာတွင် လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ခဲ့သော သတင်းအကြောင်းအရာများကို KHRG မှ လက်ခံရရှိ၍ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် မိုင်းလုပ်သားများရှစ်ဦးနှင့် KNLA ရေဒီယိုလုပ်သားတစ်ဦးသေဆုံးခဲ့ပြီး မိုင်းလုပ်သားတစ်ဦးနှင့် KNU သစ်တောဌာနမှ ဝန်ထမ်းတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။)

SAC မှ ခလယ်လွီးထူခရိုင်တွင် လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ခဲ့သည့်အပြင် ၂၀၂၁ခုနှစ်တွင်လည်း KNU ထိန်းချုပ်နယ်မြေများဖြစ်သော မူတြော်၊ ဒူးပလာယာနှင့် ဒူးသထူခရိုင်များရှိ အရပ်သားဒေသများတွင်လည်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဤကဲ့သို့သော လေကြောင်းတိုက်ခိုက်မှုများသည် သတင်းရေးသားနေစဉ်အတွင်း ၂၀၂၂ခုနှစ်၊ ဧပြီလအထိ ဆက်လက်ဖြစ်ပေါ် ခဲ့သည်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက်